
နုတ်နွယ်
၏

# ရာဇဝင်နှင့်သူရဲကောင်း



စိတ်ကူးချိုချို

mgyoe.com
mgyoe.com

mgyoe.com

ဒဿနအတွေးအမြင်ကဲသော
နတ်နွယ်၏ တစ်မူထူးခြားသော
'မဂ္ဂဇင်းဝတ္ထုရှည်တစ်ပုဒ်'

mgyoe.com

NN0042
1,000.00KS

mgyoe.com

ရာဇဝင်နှင့် သူရဲကောင်း၊ နတ်နွယ်
စာမျက်နှာ ၈၆ မျက်နှာ၊ ၁၁ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊
၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com



mgyoe.com

mgyoe.com


mgyoe.com

mgyoe.com

# ရာဇဝင်နှင့်သူရဲကောင်း

## (က)

မလုံလဲပြီဖြစ်သော ထဘီ…

ပင်ကိုကလည်း ရှိနေသည်။ ရုန်းကန်ရင်း၊ ဆွဲငင်ရင်းနှင့် အပိုင်းပိုင်းအစစ စုတ်ခဲ့ရပြီး ဖုံးလွှမ်းကာကွယ်နိုင်တော့သည်မရှိ။

သူမက မောနေသည်။ ဒေါသလည်း ပြင်းထန်လွန်း၍ အသားတွေလည်း နီနေသည်။ အသက်ရှူကြမြန်၍ ပြင်းသည်။ ဆံပင်တွေက ပြို့ကွဲကာ ဖိုးရိုးဖားရား ကျနေသည်။ စုတ်ပြတ်နေပြီဖြစ်သော အင်္ကျီစတွေနှင့် ရောထွေးငြိရှုပ်လျက်ရှိ၏။

သူမရဲ့ရင်အုံက မြင့်ချီနိမ့်ချီ ဖြစ်နေသည်။ အပေါ်က ပိတ်ဖြူအင်္ကျီသည်လည်းကောင်း၊ အတွင်းက အောက်ခံအင်္ကျီသည်လည်းကောင်း မရှိတော့၍ မို့သော ရင်သားက ပန်းရောင်သွေးပြေးနေသည်။ ဆံပင်စတွေကလည်း လုံလဲအောင် ကာကွယ်မထားနိုင်ပါ။ တင်းကျစ်စွာ မောက်နေ၍

mgyoe.com

mgyoe.com


မက်မောစရာ ကောင်းလှသည်။ သူမက မနားမနေ အတင်း ရုန်းကန်လျက်ရှိရာ ရင်သားစုံသည် ဘယ်ညာ အထက် အောက် အိလျက်ရှိသည်။ တစ်ခါတစ်ခါ ကိုင်မိ၍ နစ်သွား သည်။

သူမကတော့ ကာကွယ်ရပေမည်။ သေရင်သာ သေ ပေစေ။

ရန်သူကတော့ ကြင်နာမှုကို နားမလည်စွာ သောင်း ကျန်းလျက် ရှိချေပြီ။ အတင်းပင် သူမအား ဖက်၍ ချုပ်ကိုင် လျက်ရှိသည်။ အထက်မှ သူမအား ဖိထားကာ လက်နှစ်ဖက် ကို ချုပ်ကိုင်နေသည်။ သူမကတော့ အတင်းပဲ ဆောင့်လွန့် ရုန်းထွက်လျက်ရှိသည်။ မလွတ်စေကာမူ မလျှော့သာအောင် တော့ အချုပ်မခံရသေး။

အင်အားကမမျှ။ ရေရှည်တိုက်ပွဲတော့ ခံနိုင်ပါမည် လား။

ရန်သူက ဘီလူးစီးလျက်ရှိချေပြီ။ အာသာရမ္မက်က ပြင်းထန်လှ၏။ ကြမ်းကြမ်းတမ်းတမ်းပဲ အနိုင်ကျင့်လျက် ရှိ၏။ အင်္ကျီက စုတ်၍စုတ်၍ ပြတ်ထွက်ကုန်လေပြီ။ သူ့ ရင်ဘတ်နှင့် သူမ၏ ရင်သားစုံ ပူနွေးစွာ ထိတွေ့လိုက်ရသော အခါ သူက ပိုမိုသောင်းကျန်းလာ၏။ ပင်ကိုကလည်း ရှိ၍ နေသော ထဘီသည်လည်း စုတ်လေပြီ။ မလုံလဲနိုင်တော့ပြီ။ ပေါင်သားတွေက ဝင်း၍ စင်းချောနေသည်။

သူမက အံကိုကြိတ်၍ ပေါင်နှစ်လုံး တင်းကျပ်စွာ စေ့ ထားသည်။ ဖမ်းမိဖမ်းရာကို ဆွဲ၍ ကုတ်ခြစ်ရင်း လွတ် မြောက်မှုကို ရှာနေသည်။ တဖြည်းဖြည်းနဲ့ ကြာတော့လည်း

mgyoe.com

mgyoe.com



မောလာ၍ မတတ်သာသည့်အဆုံး အတင်း ခုတင်နှင့်ကပ်၍ မှောက်ထားသည်။ ပြည့်ဖြိုးသော တင်သားများက အိ၍ နေသည်။

မီးရောင်က မှိန်မှိန်လေးလင်းနေသည်။ ခေါင်းအုံး၊ စောင်၊ အိပ်ရာခင်းတွေက ထဘီစတွေနှင့် ရောထွေးကာ ကြမ်းထက်သို့ ကျကုန်လေပြီ။ ရှန်းကန်ဆွဲငင်ခြင်းတို့က အချိန်ကြာမြင့်သောအခါ လျော့ပါးလာလေသည်။ ကန်ကျောက်သံတို့က တိတ်ဆိတ်စ ပြုလာ၏။ တိတ်ဆိတ်ခြင်းရဲ့အဆုံးဝယ် မပွင့်တပွင့် ငိုရှိုက်သံလေးသာ ပေါ်ထွက်လာတော့သည်။

သူမက တိုက်ပွဲဝယ် ကျဆုံးခဲ့ရလေပြီ။

## (ခ)

ကျနှင်း...

ရေပြာပြင်ထက်မှ အငွေ့အငွေ့တို့သည် ပျံတက်သွားကြလေသည်။ မြင့်သထက်မြင့်သော အထက်သို့ ရောက်သောအခါ အေးမြ၍ သိပ်သည်းကာ အငွေ့အငွေ့မှ အမှုန်အမှုန်ဖြစ်လာသည်။ ပါးလျသော လေလွှာက အမှုန်အမှုန်လေးတွေကို ဆောင်ကြဉ်းမထားနိုင်သောအခါ အောက်သို့လွင့်ကျလာသည်။

ကျနှင်း...

နှင်းစက်ငွေရည်လူးသော ရာသီဦးဝယ် ရာဇဝင်နှင့်သူ့ရဲ့ကောင်းဝတ္ထုက စလေသည်။ ငွေရည်မှုန်တို့ ကျမဆုံးခင်ပင် ဇာတ်လမ်းသိမ်းလေသည်ဖြစ်၍ ဆောင်းဝတ္ထုတစ်ပုဒ်

mgyoe.com

mgyoe.com


ဖြစ်လေသည်။

နှင်းစက်လေးတွေလိုတော့ ဇာတ်လမ်းက မအေးစက်ပါ။

ဒသမလေးငါး...

သေနတ်က ကြည့်တော့ ငယ်ငယ်လေးပဲ ဖြစ်၏။ ခပ်နက်နက်ကလေးဆိုတော့ ခရမ်းသီးကွေးကွေးလေးလိုလို။

သို့သော် ပြောင်းဝမှ မီးပွင့်ကလေးလက်သွားကာ ယမ်းငွေ့တွေ ဝေလာလျှင် သက်ရှိတစ်ဦးသည် တိတိကျကျ ကိစ္စချောနိုင်လေသည်။

သူက ညာလက်ဖြင့် သေနတ်ကို တင်းကျပ်စွာကိုင်ကာ သေနတ်မောင်းကို စည်းဝါးမိမိ ဆက်ကာဆက်ကာ ဖြုတ်လျက်ရှိသည်။ တစ်မျိုးနည်းနှင့်ဆိုရလျှင် လူတစ်ယောက်ပြီး တစ်ယောက် အသက်မဲ့စေသည်။

သူက ဤလို လူ့ယုတ်မာ ခြကြီးကြီးတွေကို ပစ်သတ်ရသည့်အတွက် သူ့လက်သည် မြင့်မြတ်လာသည်ဟု မယူဆသည့်တိုင်အောင် လူ့လောကကြီးတွင် အကျိုးသက်ရောက်သည်ဟု ခိုင်မာစွာ ယူဆထားသည့်အလျောက် ကျည်ဆန်တစ်တောင့်ပြီးတစ်တောင့် မောင်းထုတ်လျက် ရှိလေသည်။

သူ၏ သန်မာသော လက်ညှိုးသည် မောင်းကို ဆက်ကာဆက်ကာ နှိပ်လျက်ရှိသော်လည်း စိုးစဉ်းမျှ တုန်ခြင်းမရှိ၊ တွန့်ဆိုင်းခြင်းမရှိ၊ ရွံ့ခြင်းမရှိ။

ယင်းသည့်ကြောင့်လည်း အများက သူ့အား လက်မရွံ့ဟု အလိုလို ဘွဲ့နာမ ပေးအပ်လာခြင်း ဖြစ်သည်။

"လက်မရွံ့" က သူမတော့ မဖြစ်တန်ကောင်းရာ။

mgyoe.com

mgyoe.com



## (ဂ)

သူရဲကောင်းများက ရာဇဝင်ကို ဖန်တီးလေသလား။ ရာဇဝင်က သူရဲကောင်းတွေကို မွေးဖွားလေ၏။ လူပေါ်ဦးစမှ ယနေ့ထိ ရာဇဝင်က တိုးတက်ပြောင်းလဲလျက်ရှိသည်။ ရာဇဝင်တစ်လျှောက်လုံး သူရဲကောင်းများ၏ နာမည်များ ထင်ရှားလာသည်မှာလည်း ယနေ့ထိ ဖြစ်လေ၏။

ရာဇဝင်ကို ဘယ်သူက ဖန်တီးလေသနည်း။ သူရဲကောင်းက ဘယ်အခန်းက ပါဝင်သနည်း။

သဘောတရားရေးအဖြစ် တင်ပြဆွေးနွေးထားသည်။ ရာဇဝင်နှင့် သူရဲကောင်း၏ ဆက်သွယ်မှုကို ရှင်းစွာ နားလည်ထားဖို့ လိုအပ်ချေပြီ။

ရာဇဝင်၏အခြေခံ သူရဲကောင်း၏အခန်း။

## (ဃ)

ရာဇဝင်နှင့်သူရဲကောင်းဝတ္ထုက ဆောင်းအဖြစ်အပျက် တစ်ရပ်ပဲ ဖြစ်သည်။ အားမဲ့ အမျိုးသမီးကလေးတွေအား အနိုင်ကျင့်ဖျက်ဆီးသော လူယုတ်မာ၊ ခြကောင်တွေကို လိုက်လံ ဆုံးမနေသော သူရဲကောင်း သို့မဟုတ် စုံထောက်အဖွဲ့က အင်မတန် လိုလားနေသော လက်မရွံ့။

စုံထောက်ကျော်ဝင်း၊ ရာဇဝတ်အုပ် ကိုတင်ဝင်းတို့က အကြိမ်ကြိမ် တွဲဖက်၍ ရာဇဝတ်မှုတွေကို လိုက်ခဲ့၏။ အင်မတန်ချစ်သော သူငယ်ချင်းနှစ်ဦးလည်း ဖြစ်၏။ သို့သော် ယခုအကြိမ်တွင်မူ အင်မတန် ချစ်စရာကောင်းသော အမျိုးသမီးလေးတစ်ဦးအတွက် မပြေလည်ကြ။

mgyoe.com

mgyoe.com


ရတနာနန်းမယ်က အောင်မြင်သော အမျိုးသမီး စာရေးဆရာမတစ်ယောက်ဖြစ်၏။ တိုးတက်သော စာရေးဆရာတစ်ဦးအနေနှင့် ကျော်ကြားခြင်းရှိ၏။ သူမက ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးအောင်မြင်ရန် ပါဝင် တိုက်ခိုက်နေသော ရဲဘော်မတစ်ယောက် ဖြစ်၏။ သူမအပေါ် ကိုကျော်ဝင်း၏ သဘောထားနှင့် ကိုတင်ဝင်း၏အမြင်သည် ကွဲပြားခြားနားလှ၏။

ဝတ်လစ်စလစ်ကားတွေကို ပြနေသောသံရုံး၊ လူ့လောကကြီးထဲသို့ ရောက်ပြီး ချက်ချင်းပြန်သွားရသော လူတစ်ယောက်၊ ဘယ်သူမဆို သောက်နိုင်သော လမ်းဘေးရေအိုးစင်။

တကယ်တော့ ဤဆောင်းအဖြစ်အပျက်လေးသည် ရာဇဝင်နှင့်သူရဲကောင်းတို့ ဆက်သွယ်ပုံကို ရှင်းထားသော လျှို့ဝှက်သည့် စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ခု ဖြစ်ပေသည်။

* * *

## မွေးကင်းစအကောင်

## (က)

ရတနာနန်းမယ်...

ကဗျာဆရာမတစ်ယောက်လည်း ဖြစ်သေးသော စာရေးဆရာမလေးတစ်ယောက်၏ လူအများခေါ်နိုင်ရန် နာမည်က ပဒေသရာဇ်ဆန်လှလေသည်။ တကယ်တော့လည်း နန်းဟန်ယဉ်သောအသွင်လည်း ရှိ၏။

mgyoe.com

mgyoe.com



ရတနာနန်းမယ်...

ကိုကျော်ဝင်းက တစ်လုံးချင်း သူ့စိတ်ထဲတွင် ရေရွတ်လိုက်ပြီး ကော့ကော့လေးမှို၍ ထိုင်နေသော သူမအား ကြည့်မိလေသည်။

စကားပြောရင်းသာ ကြင်နာမှု လျှမ်းနေသဖြင့် ကြည်ညိုလေးစားစရာ ကောင်းသည်ရှိသော်လည်း မူဟန်ကတော့ အင်မတန် မခို့တရို့နိုင်ကာ ကလေးသူငယ်မကလေးလို ချစ်စရာကောင်းလေသည်။ ကျစ်ဆံနှစ်သွယ်ကို မို့မို့ရင်သားထက်များမှ ဖြတ်သန်းကျနေသဖြင့် သမီးပျိုပေလား၊ မိခင်ပျိုပေလား။

"ဆိုစမ်းပါဦးရှင် တစ်ယောက်ယောက်ကများမေးရင် မယ်က ဘယ်သူ့လာတွေ့သွားတာပါလို့ ပြောရမှာလဲ"

သမုဒ္ဒရာရေအောက်အပြာ။ ဆိုလိုသည်က အင်မတန် သန့်စင် စင်ကြယ်သောအပြာ။ အပြာထဘီက ငြိမ်သက်သောအလှကို ဖော်ပြသည်။

"ဩော်... ကျွန်တော်က... အင်း... နာမည်က ကျော်ဝင်း၊ လာတွေ့တာကတော့ ခင်ဗျား မလိုလားအပ်မယ့် လူတစ်ယောက်အနေနဲ့ပဲ"

"မယ်က ဘယ်သူ့ကိုမဆို တွေ့ဖို့ရာ လိုလားပါတယ်ရှင်"

"ဒါပေမဲ့ ကျွန်တော်က 'မြို့တွင်းသူပုန်' ကိစ္စနဲ့ပဲ"

"ဩော်... ရှင်ကလည်း စုံထောက်ပဲကိုး"

သူမက သရော်ဟန်နှင့် ပြုံးလိုက်သည်။ ပါးမို့မို့က ချိုင့်ချိုင့်လေး ခွက်သွား၍ ဆန့်ကျင်ဘက်တိုင်း ချစ်အပ်သော

mgyoe.com

mgyoe.com


အလှပဟု ကိုကျော်ဝင်းက ယူဆလိုက်၏။

"ဒါကြောင့်ပြောတာပေါ့ မရတနာနန်းမယ် မလိုအပ်မယ့် လူတစ်ယောက်ပါလို့"

"ပင်ပန်းလှမယ်ရှင်။ မယ်လို့ပဲ တစ်လုံးတည်းခေါ်လည်း တင်စီးတယ်လို့ မယူဆပါဘူး။ အင်းလေ ရှင့်ရဲ့ ရိုးသားမှုကိုလည်း ယုံကြည်လို့ပေါ့"

ကိုကျော်ဝင်းက ဘာပြန်ပြောရမည်မသိ။ ဘာတွေကို ဘယ်ကစ၍ မေးရမည်မသိတော့။ ချာချာလည်လျက် ရှိ၏။

(ခ)

စုံထောက်ကိုကျော်ဝင်းက အထူးဌာနသို့ ရောက်လာပြီးကတည်းက အစိုးရအား ဆန့်ကျင်သော သူများနောက် တကောက်ကောက် လိုက်ခဲ့ရ၏။ အစကတော့ ကျောင်းသားဌာနကို ကိုင်ရပြီး ယခုမူ ယဉ်ကျေးမှုဌာနကို ကိုင်ရလေသည်။

ရတနာနန်းမယ်အား ချဉ်းကပ်စုံစမ်းရန် တာဝန်ကျလာသောအခါ သူ၏ ဂျစ်ကားကလေးဖြင့် သူမနေရာ ကိုးတာရပ်ထဲသို့ လာခဲ့မိသည်။ ကိုးတာရပ်လို မန္တလေးမြို့၏ ချောင်ကျသော ရပ်ကွက်တစ်ခုတွင် စာရေးဆရာမတစ်ယောက် ရှိလိမ့်မည်ဟု ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့။ ထို့ထက် ပိုမို မမျှော်လင့်သောအရာမှာ စာရေးဆရာမတစ်ယောက်သည် ဤမျှ လှလိမ့်မည်ဟု တစ်ခါမျှ မထင်မိခဲ့ဖူးခြင်းပင်။

ယခု မယ်တစ်ယောက်ထက် ပိုချင်ပိုနိုင်သေးသော ပဒေသရာဇ်ဆန်ဆန် အလှရှင်ကို တွေ့ဆုံရသောအခါ သူ

mgyoe.com

mgyoe.com


မေးရမည်ကိုပင် ဘယ်ကစရမည်ဟု မသိနိုင်တော့။

ရတနာနန်းမယ်က နာမည်နှင့် အလှတွင် ပဒေသရာဇ် ဆန်သော်လည်း အယူဝါဒအရေးမှာတော့ ပဒေသရာဇ် ဆန့်ကျင်သူတစ်ဦး ဖြစ်လေသည်။ နယ်ချဲ့ဆန့်ကျင်ရေး တပ်မှ အမျိုးသမီးတစ်ဦး ဖြစ်လေသည်။ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး အောင်မြင်မှုကို ရေးရှသော ရဲဘော်မ တစ်ယောက် ဖြစ်ပါ၏။

သူမရဲ့ စာပေများက တက်ကြွမှုရှိပြီး အလုပ်သမား၊ လယ်သမားတို့ဘက်မှ တိုးတက်သောအမြင်နှင့် ပြတ်သားစွာ ဖော်ပြထားလေသည်။ သူမ၏ နောက်ဆုံး ခေတ်ပြောင်း စာပေတိုက်မှထုတ်သော 'မြို့တွင်းသူပုန်' ကိုမူ ပြည်ထဲရေး ဌာနမှ မျက်စိစူးကာ သူမရဲ့ ကိုယ်ရေးရာဇဝင်ကို တောင်း ဆိုရန် ကိုကျော်ဝင်းမှာ တာဝန်ကျလာလေသည်။

"ကဲ... သောက်ပါဦးရှင်"

သူက ဘာကစမေးရမှန်းမသိရှိနေစဉ် ကလေးမ တစ်ယောက်က ကော်ဖီပူပူနှစ်ခွက် လာ၍ချသဖြင့် သူမက နီသောနှုတ်ခမ်းကို လှုပ်ရှားလိုက်သည်။

"သောက်ပါရှင် ဒါကိုသောက်ထားရလို့ မယ့်ကို နရ သိန်ထောင်ထဲ ပို့ထားတဲ့အခါ အတုံ့အလှည့် တိုက်စရာ မလိုပါဘူး"

သူမက ရယ်လိုက်၍ သူက ချောက်ချားသွားသည်။ ကိုကျော်ဝင်းက သူမလိုပဲ လှ၍ တိုးတက်သော အမျိုးသမီး တစ်ယောက်ကို ထောင်ထဲ ပို့ခဲ့ဖူးလေသည်။ သို့သော် ထောင်ထဲမရောက်ဘဲ တောထဲ ရောက်သွားလေသည်။

mgyoe.com

mgyoe.com


"ကျွန်တော် ခင်ဗျားကို ထောင်ထဲမပို့ချင်ပါဘူး"

"ဒါပေမဲ့ ရှင်လာတာ ပို့နိုင်ဖို့ လမ်းစလာရှာတာပဲ မဟုတ်လား"

"နည်းနည်းပါးပါး ခင်ဗျားကိုယ်ရေးရာဇဝင် သိရရင် တော်ပါပြီ။ ပြီးတော့ မြို့တွင်းသူပုန်နဲ့ပတ်သက်လို့ နည်းနည်းပါးပါး ဖြေဖို့ပေါ့"

"အင်းပါလေ ရှင်သိချင်တာတွေ မေးပေါ့။ မယ်က တတ်နိုင်သလောက် ကြိုးစားဖြေပါ့မယ်။ ရှင့်ရဲ့အလုပ်ကို ကူညီချင်ပါတယ်။ မမေးခင် သောက်လိုက်ပါဦး။ ပူတုန်းကို။ နို့မို့ရင် စိမ့်စိမ့်လေးအေးတယ်"

ကိုကျော်ဝင်းက ကော်ဖီကိုသောက်ရင်း အိမ်လေးကို အကဲခတ်လျက် ရှိသည်။ စာရေးဆရာမတစ်ဦး၏ အိမ်ဝယ် သေသေသပ်သပ် လှလှပပ ဆင်ယင်ထားမည်ဟုတော့ သူက ကြိုတင်နားလည်ထားနိုင်ပါ၏။ ကွန်မြူနစ်နှင့် စာရေးဆရာများသည် ဆင်းရဲငတ်ပြတ်သူများဟု အဆိုရှိသော်လည်း ရတနာနန်းမယ်၏အိမ်မှာ လူလတ်တန်းစား တစ်ဦး၏အိမ်ပါ။ ထောင့်မှ စန္ဒရားသည် သူမအား အနုပညာရှင်တစ်ဦးအဖြစ် ပိုမိုလေးနက်စေသည်။

"မြို့တွင်းသူပုန်ဝတ္ထုဟာ တော်တော် စိတ်ဝင်စားစရာ ကောင်းတယ်။ ဖတ်ရင်းဖတ်ရင်းနဲ့ ကိုယ့်ကိုယ်ကိုယ် တကယ့်မြေအောက် တော်လှန်ရေးသမားတစ်ယောက်အနေမျိုးကို ထင်လာမိတယ်"

ကိုကျော်ဝင်းက စီးကရက်မီးညှိမည်ပြုရင်း စကားစလိုက်သည်။

mgyoe.com

mgyoe.com



"ဪ... ဒါလောက်ပဲလား။ ဖတ်တဲ့လူတောင် ဒီလို ထင်လာရင် ရေးတဲ့လူဆို တကယ့် မြေအောက်တော်လှန်ရေး သမား ဖြစ်နိုင်တာပဲ"

နန်းမယ်က မီးတောက်နီနီလေးကို ကြည့်ရင်း ဆိုလိုက် သည်။

"ဒီလိုတော့ ကျွန်တော်က မယူဆသေးပါဘူး"

"ယူဆချင်လည်း ယူဆပေါ့ရှင်။ မယ်ကတော့ စာအုပ် လေ့လာဖူးတာကလွဲလို့ရှိရင် ဘယ်တော်လှန်ရေးပါတီနဲ့မှ အဆက်အသွယ် မရှိပါဘူး။ ဒီဝတ္ထုကတော့ ဖက်ဆစ် တော်လှန်ရေးတုန်းက မြေအောက်လုပ်ငန်းတစ်ခုကို မှီးပြီး ရေးတာပါပဲ။ လောလောဆယ် သတင်းတွေကတော့ မဂ္ဂဇိုင် ထဲက ရတာပါပဲ။ မြင်းခြံဦးဘထွန်းနဲ့ ကိုအောင်သူ အပြန် အလှန် ပေးစာတွေလောက်ပဲ ဖတ်ဖူးပါတယ်"

"ကြေညာစာတမ်းတွေလည်း ဖတ်ရမှာပေါ့"

"အင်း... တစ်ခါတစ်ခါ ဝင်းဝမှာ တွေ့ရင်တော့ ဖတ်ရ ပါတယ်"

"ခင်ဗျားဝတ္ထုထဲက စုစုဝင်းလိုပဲပြောပေါ့"

"ယုံချင်မှ ယုံနိုင်တာပါရှင်။ ဒါပေမဲ့ ထောင်ထဲမရောက် ခင် ခြောက်လှန့်ပြီး လူထုနဲ့တော့ အဆက်မဖြတ်ပါနဲ့။ ရှင်တို့ ခဏခဏလာတယ်ဆိုတော့ အရပ်က လန့်တယ်ရှင့်။ မယ့် အိမ်မှာပဲ သခင်သန်းထွန်း ရှိနေသလိုလို"

ကိုကျော်ဝင်းက ဒီစကားတွေကြားရတော့ နီယဉ်ဦးအား အမှတ်ရမိသည်။

နီယဉ်ဦး

mgyoe.com

mgyoe.com


ယခုမူ လွတ်မြောက်တဲ့နယ်မြေသို့ ရောက်နေပေပြီ။ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကို လက်နက်ကိုင် တိုက်ခိုက်နေပြီဖြစ်သော ပြည်သူ့တပ်မတော်မှ နိုင်ငံရေးမှူး ရဲဘော်နီယဉ်ဦးပါ။

ကိုကျော်ဝင်းကမူ ကျောင်းသားခေါင်းဆောင်တစ်ဦး အနေနှင့် စတင် သိကျွမ်းခဲ့လေသည်။ ရွှေမန်းတက္ကသိုလ်မှ နတ်မိမယ်တစ်ဦးအနေနှင့် စတင် ဖူးမြော်ခဲ့ရလေသည်။

သူမအား နောက်ဆုံး သူတွေ့ခဲ့ရသည်မှာ လွန်ခဲ့သည့် အောက်တိုဘာလ ခြောက်ရက်နေ့က ဖြစ်သည်။ နောက်တစ်နေ့ မနက်စောစောတွင်မူ ကျောင်းသားခေါင်းဆောင်တွေအား လိုက်လံဖမ်းဆီးရာ သူမသည် တိမ်းရှောင်ထွက်သွားခဲ့လေသည်။

ထိုနေ့က သူမသည် ထဘီရဲရဲကို ဝတ်ထားသည်။ သူမ၏ အောက်မှ ရေနီမြောင်းသည် ငြိမ်သက်စွာ စီးဆင်းနေသည်။ သူမက အုတ်ခုံလေးပေါ်တွင်ထိုင်ရင်း ဝါးလက်ခုပ်ကို တီးနေသည်။

ဒိုးပတ်သံက တက်ကြွစွာ ပေါ်ထွက်နေသည်။ ကိုကျော်ဝင်းပင် ကြက်သီးထလာသည်။ ရဲရင့်လာသည်ဟု ထင်မိသည်။ ကျောင်းသားတွေက အောက်တိုဘာ ကျောင်းတစ်လပိတ်ရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြလျက်ရှိ၏။ တက်ရောက်ရန်လာသော ကျောင်းသားအချို့ကို အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာ မေတ္တာရပ်ခံလျက် ရှိကြသည်။

နီယဉ်ဦး၏မျက်နှာတွင် သူမတို့၏တိုက်ပွဲ အောင်မြင်ရမည်ဟူသော ယုံကြည်ချက် အရိပ်အယောင်ကို ကိုကျော်

mgyoe.com

mgyoe.com



ဝင်းက မြင်မိ၏။ ကျောင်းသားတွေက ပိုမိုတက်ကြွလျက်ရှိသည်။ အောက်တိုဘာလ သုံးရက်နေ့က ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားတွေ မျက်ရည်ယိုဗုံးနှင့် ကျည်ဆန်ကို ရင်ဆိုင်လိုက်ရသည်ဟူသော သတင်းကြောင့် ပိုမိုစည်းလုံးလျက်ရှိ၏။

ကိုကျော်ဝင်းအနေနှင့်ကတော့ တာဝန်ရှိသည်နှင့်အညီ သတင်းယူဖို့ပဲဖြစ်၏။ သူ့အနေနဲ့က ကျောင်းသားတွေကို ကွန်မြူနစ်တွေကပဲ ဆူပူအောင် လှုံ့ဆော်နေသလား၊ ဆိုရှယ်လစ်(ဒီအက်အို)ကပဲ မတရား ပြုကျင့်နေသလားဆိုသည်ကို စဉ်းစားနေဖို့မဟုတ်။ ယနေ့ အမှုထမ်းဖို့ စသည် ဦးနှောက်ရှိသော်လည်း အသုံးပြု၍မဖြစ်။ တာဝန်ကသာ ထမင်းတစ်လုတ်ကို ဖန်တီးပေးသည်။ သို့သော် ကိုကျော်ဝင်းသည် တက္ကသိုလ်တွင် နေခဲ့ဖူးသူတစ်ယောက်ဖြစ်၍ အောက်တိုဘာ ကျောင်းပိတ်ရက် စာကျက်နိုင်ရန်အတွက် တစ်လ အကယ်လိုအပ်သည်ကိုတော့ သိပါ၏။ သူနေခဲ့သည့်နှစ်ကလည်း တစ်လရခဲ့ပေ၏။ အစဉ်အမြဲပါ။

"မမလေးကိုလေ× × × သူ့အမေရိုက်ပါလို့ လာလာလေလိုက်ခဲ့ပါ့× × × မောင်တို့တက္ကသိုလ်× × × မောင်တို့× × × တက္ကသိုလ်မှာလေ ဘာဘာတွေ ပေါပါလိမ့်"

ဒိုးပတ်သံက အောင်ပွဲကို ရှေးရှုနေသည်။

နီယဉ်ဦးက ဝါးလက်ခုပ်ကိုတီးရင်း သီချင်းကို လိုက်၍ဆိုနေသည်။

"အို× × × မောင်တို့တက္ကသိုလ်မှာလေ ဘာဘာတွေ ပေါပါလိမ့် အာဏာရှူးတွေနဲ့ ပယောဂတွေဝင်× × ×

mgyoe.com

mgyoe.com


အာဏာရှူးတွေနဲ့ ပယောဂတွေဝင်× × ×”

ကိုကျော်ဝင်းက ယနေ့ထိ သပိတ်တား ကျောင်းသားတို့၏ ဒိုးပတ်သံကို ကြားယောင်လျက်ရှိ၏။ နီယဉ်ဦး၏ တက်ကြွသောမျက်နှာကို မြင်ယောင်လျက်ရှိသည်။ သို့သော် သူမက တောခေါင်ခေါင်သို့ ရောက်၍နေလေပြီ။

ရတနာနန်းမယ်…

သူက အသစ်သော တက်ကြွရှင်မကို တွေ့ရပြန်ပြီ။

(ဂ)

တံတားနက်…

နာမည်ကိုက ကြောက်လန့်တုန်လှုပ်ဖွယ်ရာ ကောင်းသည်။ နက်၍ အိုမင်းဟောင်းမြည့်နေသော မန္တလေးမြို့ရှိ တံတားတစ်ခုပါ။

ရွှေတချောင်း။ ရှေးကမူ ကျယ်ဝန်း၍ လှေများပင် သွားလာနိုင်သည်ဟု အဆိုရှိလေသည်။ မန္တလေး–မတ္တရာ ရေလမ်းပေါက်ခဲ့သည်။ သို့သော် ယနေ့ကာလဝယ်မူ အင်မတန် ညစ်ပတ်သော ရေမြောင်းတစ်ခုသာ ဖြစ်သည်။ ညစ်၍ ပျစ်ခဲနေသော ရေများစီးဆင်းကာ အမှိုက်သရိုက်၊ မစင်နှင့် ခွေးသေကောင်ပုပ်များ မျောပါစီးဆင်းလျက် ရှိသည်။ မြောင်းအနီးမရောက်ခင်ပင် နံစော်လှသည်။ မြောင်း၏ဘေးတွင် မြက်ပင်များ ထူထပ်လျက်၊ အမှိုက်များ စုပုံလျက်၊ မြူနီစီပယ်၏ ဆောက်လုပ်မထားသော အိမ်သာ ဖြစ်လျက်ရှိ၏။

ဤမည်သော ရွှေတချောင်းကို ဖြတ်ကူးလျက် ၃၂

mgyoe.com

mgyoe.com



လမ်းနှင့် ကိုးတာရပ်ကို ဆက်သွယ်ထားသည့် တံတားအား တံတားနက်ဟု လူတွေက သိနေကြလေသည်။ တံတားနက်၏ အရှေ့ဘက်အဆင်း၌ ညောင်ပင်ကြီးနှစ်ပင် ရှိလေသည်။ အနီးအနား၌ အိမ်များ မရှိချေ။

ဖက်ဆစ်တော်လှန်ရေးပြီးခါစက လူနှစ်ယောက် အသတ်ခံရပြီး ဤတံတားအောက်၌ မြှုပ်ထား၍ နေဝင်မိုးချုပ်လျှင် ထိုတံတားသို့ သွားဝံ့သော ကလေးနှင့် အမျိုးသမီး ရှားလှသည်။ ၎င်းပြင် ညောင်ပင်ကလည်း ကြမ်းလှသည်ဟု အဆိုရှိပြီး အနီးဆုံးသော မီးပွင့်မှာလည်း ၃၂ လမ်းတစ်လျှောက် နောက်ဆုံးဓာတ်တိုင်ဖြစ်ရာ တံတားနှင့် ကိုက်တစ်ရာကျော် ဝေးလေသည်။ ထို့ကြောင့် လမိုက်သောညဆိုလျှင် တော်ရုံတန်ရုံ ယောကျ်ားပင် ဖြတ်သန်းမသွားဝံ့ချေ။

ညကာလ၌ ဖြတ်သန်းသွားပြီဆိုလျှင် သံမျှားပြုတ်နေပြီဖြစ်သော ကြမ်းများသည် ဂျလိုးဂျလောင်းမြည်ကာ စိတ်ကို အလိုလို ခြောက်လှန့်လျက်ရှိသည်။ ညောင်ပင်ပေါ်မှ ဝုန်းခနဲ သစ်ကိုင်းများက ကျိုးကျလာတတ်သည်။ ဂိခနဲ အမင်္ဂလာဖြစ်သော ငှက်ဆိုးထိုးသံများကို ကြားရသောအခါ တုံ့ခနဲ ကြက်သီးထသွားကာ ဝူးခနဲ ခွေးတစ်ကောင်က အူလိုက်သောအခါ နောက်သို့ ပြန်လှည့်ပြေးလိုစိတ်က ပေါ်လာသည်။

သို့သော် ဆုံးအောင် ဆက်လျှောက်သွားလျှင်မူ ဘာမှမဖြစ်ဘဲ လိုရာခရီးသို့ ရောက်လေသည်။ ဘယ်တစ်ယောက်မျှလည်း ဘာမျှမဖြစ်ခဲ့ဖူးခဲ့။ သို့သော် ညဥ့်မှောင်ထဲ၌ ထိုတံတားကို ဖြတ်ဝံ့သူ ရှားလေသည်။

mgyoe.com

mgyoe.com


ငွေနှင်းတွေ မှုန်ရီနေသော ညမျိုးဝယ် ဤတံတားသို့ အဘယ် အမျိုးသမီးတစ်ယောက်သည်များ ကြောက်ရွံ့ခြင်း မရှိဘဲ လာခဲ့သနည်း။ ညက အေးစက်၍ တိတ်ဆိတ်နေသဖြင့် ပိုမိုကြောက်လန့်စရာ ကောင်းလေသည်။ အမျိုးသမီး မဟုတ်ခဲ့လျှင် အနည်းငယ် ပို၍ရဲသော အမျိုးသား တစ်ယောက်က လာခဲ့ပေမည်။

နှင်းထုထဲဝယ် ဖြတ်သန်းကာ အိုမင်းသော တံတား အောက်ဝယ် မိမိ၏ရင်သွေးကို စွန့်ပစ်နိုင်သော မိခင် လူသားမှ ဟုတ်ပါလေ၏လော။ အဘယ်မျှ ကြင်နာခြင်း ကင်းမဲ့လိုက်ပါလေသနည်း။

မိခင်တို့၏ ချစ်ခြင်းမေတ္တာသည် ကမ္ဘာလောကကြီး ထဲမှ ထွက်ပြေးသွားလေပြီလား။ ကိုးလလွယ်၍ ဆယ်လ၌ မွေးခဲ့ရသော ကလေးတစ်ယောက်ကို မြေထက်၌ ခွေးများ စားချင်စားလော့ဟု စွန့်ပစ်ထားခဲ့နိုင်ရက်အောင် မေတ္တာ တရားတို့က ဆိတ်သုဉ်းလေပြီလား။

သို့မဟုတ်ပါလျှင် အဘယ်ကဲ့သို့သော အကြောင်း ကြောင့် ၅၂၈ သွယ်သော မေတ္တာကြိုးကို ဖြတ်၍ စွန့်ပစ် ပါလေသနည်း။ ဘယ်မျှ အခြေအနေဆိုးဝါးနေ၍ မိခင် မေတ္တာ ဆင်းရဲချို့တဲ့ရလေသနည်း။

## (ဃ)

"ကဲ... နောက်တော့ကော ဘာများ သိချင်ပါသေးလဲ"

ရတနာနန်းမယ်က သူမ၏ ကိုယ်ရေးရာဇဝင်ကို ပြောပြ ပြီးနောက် ဤသို့ ငေါ့ငေါ့လေး မေးလိုက်သည်။

mgyoe.com

mgyoe.com



"မယ့်မှာ ချစ်သူရှိမရှိကော ပြောရဦးမှာလား"

"အို... မလိုပါဘူး အလုပ်နဲ့ မဆိုင်ပါဘူး"

"အလုပ်နဲ့မဆိုင်လည်း ရှင် သိရတာပေါ့"

"ဟင့်အင်း မလိုပါဘူး မပြောပါနဲ့"

"ဒါဖြင့်လည်း ဘာကိုပြောစေချင်တယ်ဆိုတာ စဉ်းစားဦးလေ"

ရတနာနန်းမယ်က အတွင်းသို့ဝင်သွားလျှင် ကိုကျော်ဝင်းက ငေးနေမိသည်။ နောက်မှ သူက ပြန်ဖို့သင့်ပြီကို သတိရလာသည်။ နန်းမယ်က ထမင်းဟင်းချက်နေရာမှ သူ့အား ထ၍ ဧည့်ခံခြင်းဖြစ်လေသည်။ သူမက အခန်းထဲမှ ထွက်လာသောအခါ ကုတ်အင်္ကျီ အပြာလေးကို ဝတ်လာသည်။

"သိပ်အေးတယ်။ မယ်က ဆောင်းတွင်းမှာတော့ ထောင်ထဲမသွားချင်ဘူး။ ထောင်ထဲမှာ စောင်မပေးဘူး မဟုတ်လား ကိုကျော်ဝင်း"

"ကနေ့မနက် ပိုအေးတယ်။ ကဲ... ကျွန်တော် ပြန်ဦးမယ်"

"အို... မြန်လှချေလား အင်းလေ နောက်လည်း လာမေးပေါ့"

သူမက သူ့အား ဝင်းပေါက်အထိ လိုက်ပို့လေ၏။ သူမက လမ်း၌ အဖြူအနက် ရောစွက်နေသော ကြောင်ကလေးကို ကောက်ပွေ့လာသည်။

"မယ်က တစ်နေ့မှာ ပြည်သူ့ခုံရုံးတင်ပြီး ကျွန်တော့်ကို သေအောင် အပြစ်မပေးကောင်းပါဘူးနော်"

mgyoe.com

mgyoe.com


လမ်းတွင် ကိုကျော်ဝင်းက ပြောလိုက်သည်။

"ရှင်ကိုယ်တိုင် ပြည်သူတစ်ယောက်ပဲ။ ကိုယ့်ကိုယ်ကိုယ် မသတ်ဘူးမဟုတ်လား"

သူမရဲ့အဖြေက ဖြုန်းခနဲ နားမလည်သလို ရှိသော်လည်း သူက လက်ခံ၏။ သူတို့နှစ်ယောက်က ဝင်းဝရောက်ပြီး ကိုကျော်ဝင်းက ကားပေါ်တက်မည်ပြုရာမှ ကပ်လျက်အရှေ့ရပ်သို့ မျှော်လျက်

"ဘာများလဲ လူစုလူဝေးကြီးလှချေလား"

"အင်းနော် ဘာများလဲ"

တံတားနက် အရှေ့ထိပ်တွင် လူတွေက စုရုံးလျက်ရှိပြီး တံတားအောက်သို့ ထိုင်၍လည်းကောင်း၊ ကုန်း၍လည်းကောင်း ငုံ့ကြည့်နေကြလေသည်။

"ကိုသန်းရေ ဘာကြည့်နေကြတာလဲကွဲ့"

သူမက အရှေ့ရပ်မှပြန်လာသော ကလေးတစ်ယောက်အား လှမ်းမေးလိုက်သည်။

"ကလေးလေးသေနေတာမမ သနားစရာလေး"

ကိုကျော်ဝင်းက ကားပေါ်မှ ခြေတစ်ဖက်ကို ပြန်ချလိုက်သည်။

"မယ်လည်း လိုက်ကြည့်မယ်"

သူတို့နှစ်ယောက်က လူအုပ်ကိုတိုးလျက် ဝင်သွားသောအခါ တံတားအောက်တွင် စက္ကူသေတ္တာတစ်ခုကို တွေ့ရ၏။ သေတ္တာထဲတွင် အဝတ်စများရှိပြီး ကလေးသေတစ်လောင်းကို တွေ့ရသည်။

"ယောကျ်ားလေးပါလား"

mgyoe.com

mgyoe.com



မိန်းမကြီးတစ်ယောက်က ပြောလိုက်သည်။ မပစ်ခင် သတ်၍ ပစ်ထားဟန်တူသည်။ ကပ်ပယ်အိတ်မှာ ရောင် လျက်ရှိ၏။ အဘယ် အကြင်နာကင်းသူက ထုသတ်လေ ပြီလဲ။

"ချစ်စရာလေး သနားစရာ"

အသားဖြူဖြူနှင့် ချစ်စရာ မျက်နှာပေါက်လေး ဖြစ်သည်။ ဝဝဖြိုးဖြိုးလေးဖြစ်သည်။ မြင်ရသူတိုင်းက စုတ်တသပ်သပ်နှင့်ရှိသည်။

"ရက်စက်လိုက်တဲ့ အမေနှယ်"

ရေထမ်းသမားက ပြောလိုက်သည်။ တစ်ယောက် တစ်ပေါက်နှင့် ဆူညံလျက်ရှိသော်လည်း မည်သူ စတွေ့ သည်ကိုတော့ ကိုကျော်ဝင်း မေး၍မရတော့။ သို့သော် ကြာသေးဟန်မတူ။ သူလာတုန်းက လူအုပ်ကို မမြင်ရခဲ့။

သို့ဖြင့် သူသည် နန်းမယ်ကိုခေါ်ကာ လူအုပ်ထဲမှ ပြန်ထွက်လာခဲ့ကာ လူတွေကို အလောင်းအနီး မကပ်ရန် ပြောပြီး အနီးဆုံး တိုက်ဝါလေးသို့ သွားကာ တယ်လီဖုန်းဖြင့် ၁၄ မှတ် ကင်းဂါတ်ကို အကြောင်းကြားလိုက်လေသည်။

## (င)

"ကိုကျော်ဝင်း ဘယ့်နှယ်သဘောရသလဲ"

ကိုကျော်ဝင်းက တယ်လီဖုန်းကို ချလိုက်သောအခါ အနီးမှ တွေ၍ ရပ်နေသော နန်းမယ်က မေးလိုက်သည်။ သူမ၏အသံက တုန်နေသည်။

"လူသတ်မှုပဲပေါ့"

mgyoe.com

mgyoe.com


"မဟုတ်သေးပါဘူး။ ဘယ်သူက ဘာလို့သတ်တာလဲ လို့မေးတာ"

သူမက အော်လိုက်၍ သူက အံ့အားသင့်သွားသည်။

"ရှင်းပါတယ် ကမြင်းကြောထပြီး ကလေးရတော့ လူစိတ်မရှိဘဲ ဖျောက်ဖျက်ပစ်လိုက်တာပေါ့"

"မဟုတ်သေးပါဘူး"

"ဘာလဲ မယ်က အရင်းရှင်စနစ်ဆိုးလို့ ပြောဦးမှာလား။ ကလေးအမေကို သူဌေးဖျက်ဆီးတာလို့"

"အို... ဘာပဲဖြစ်ဖြစ် ကိုကျော်ဝင်းကို တောင်းပန်ချင်တာက အမှုမှန်ဖြစ်အောင် ကြိုးစားပါလို့"

"ဒါတော့စိတ်ချပါ"

နန်းမယ်က ကျေနပ်ခြင်း မရှိလှသေးချေ။

"မယ်လည်း သေသေချာချာ ကြည့်ပါတယ်။ သေတ္တာက ရေဒီယိုထည့်တဲ့ သေတ္တာ။ အဲဒီတော့ အရင်းရှင်အိမ်က။ အဝတ်အစားတွေက တော်တော် စုတ်နေပြတ်တယ်။ အဲဒါက ဆင်းရဲခြင်း"

"လိုချင်တာကို ဆွဲတွေးလို့ အမှုမှန် မရနိုင်ဘူး"

မယ်က မျက်စောင်းခဲလိုက်သည်။

"မယ် သတိပြုမိပါတယ်။ အစေခံမလေးတစ်ဦးသာဆိုရင် ဘယ်လို သွေးမျိုးပဲဖြစ်ဖြစ် သူ့သွေးပါနေလေသေးတော့ ကြိုးစားပြီး မွေးမှာပဲလို့။ ဒါပေမဲ့ တစ်စုံတစ်ယောက်က အတင်းသတ်ပစ်တာ ဖြစ်နိုင်သေးတယ်။ ကမြင်းကြောထလို့ ရတဲ့ ကိုယ်ဝန်ဆိုရင် အဲဒီအမျိုးသမီးဟာ ဖအေစား ဆွဲထိုးဖို့ ရအောင် ရှာတတ်မှာပေါ့"

mgyoe.com

mgyoe.com



ကိုကျော်ဝင်းက သူမ၏ နောက်ဆုံးစကားကို စိတ်ထဲက မှတ်ထားလိုက်၏။

"ညကြီးလာပစ်တော့ ဒီအနီးအနားကပဲ ဖြစ်မယ်။ ကျွန်တော်လည်း ဒီဌာနကို အကူအညီပေးရင်း စုံစမ်းပါ့မယ်။ မယ်လည်း စုံစမ်းစမ်းပါ။ ဒီနေရာမှာ အရပ်သတင်းက အင်မတန်လိုအပ်တယ်။ ကိုးလ ဆယ်လလုံး ကိစ္စကြီး ဘယ်သူမှမသိအောင် ဖုံးထားဖို့က မလွယ်လှဘူး"

"မယ်တော့ ကြိုးစားမှာပဲ"

သူမက အတော်ပဲ စိတ်ထိခိုက်နေဟန် ရှိသည်။

"ခုလောလောဆယ်တော့ မယ် အိမ်ပြန်ပြီး လှဲနေလိုက်ဦး"

"ဟုတ်တယ် မယ့်ခေါင်းတွေ နောက်ကျိနေတယ်"

"အရင်းရှင်စနစ်ကြောင့်ထင်တယ်"

သူမက ယှဲ့ယှဲ့လေး ပြုံးလိုက်သေးသည်။

ကိုကျော်ဝင်းက သူမအား အိမ်သို့ ပြန်လိုက်ပို့ပြီး ပြန်လာသောအခါ ၁၄ မှတ်ဂိတ်မှ ရဲသားများ ရောက်နေပြီကို တွေ့ရ၏။ ကိုကျော်ဝင်းက အလောင်းနှင့် သေတ္တာထဲရှိ ပစ္စည်းများကို သေသေချာချာ စစ်ဆေးကြည့်ပြီး နေ့ချင်း ညချင်း တရားလို မမိနိုင်ဟု နားလည်ထားလိုက်၏။

* * *

## လမ်းဘေးရေအိုးစင်

## (က)

နှောင်းအေး...

mgyoe.com